မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.5, N0.9

September 2026

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခြင်း



ဩဂုတ်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲအား ၁၄-၈-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်မှ ဆရာတော် (၃) ပါးကိုပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်းအခမ်းအနား ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်

စာ ၂



တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တက်ရောက်ခြင်း

စာ ၃



၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၆) ကျင်းပခြင်း

စာ ၅



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှု စစ်ဆေးခြင်း

စာ ၈



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၆) သို့ ပါဝင်တက်ရောက်

စာ ၁၀



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ဆရာတော် (၃) ပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၆) ကျင်းပခြင်း



ဩဂုတ်လ ၁၀ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၆) ကို ၁၀-၈-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီဝင် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဥမ္မာကျော်၊ ဒေါက်တာ တင်ဌေးအိနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တက်ရောက်ခြင်း



ဩဂုတ်လ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းသည် အားကစားရေးရာဝန်ကြီး ဌာန၏ ဖိတ်ကြားချက်အရ ၁၃-၈-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်၊ ရန်ကုန်မြို့၊ သိမ်ဖြူလက်ဝှေ့အားကစားခန်းမ တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၆) နှင့် (၈/၂၀၂၆) အစည်းအဝေးများကျင်းပခြင်း



ဩဂုတ်လ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၇/ ၂၀၂၆) ကို ၇- ၈-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင်လည်းကောင်း၊ ပုံမှန် အစည်းအဝေး အမှတ်စဉ် (၈/ ၂၀၂၆) ကို ၂၄-၈-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင်လည်းကောင်း၊ ကော်မရှင် ရုံး Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး

ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီအစည်းအဝေး(၁/၂၀၂၆)ကျင်းပခြင်း



သြဂုတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ၁၈-၈-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီ အချိန်တွင် (၇၈)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၆) ကို ကျင်းပခဲ့ရာ လူ့အခွင့်အရေးနေ့ကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌဖြစ်သော ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားပြီး ၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးချက်များအပေါ် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားပါသည်။

ထို့နောက် ၇၈ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ နုနုရီနှင့် ဒေါက်တာတင်ဌေးအိတို့ ကော်မရှင်ရုံးစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းခြင်း




သြဂုတ်လ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းထံသို့ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ နုနုရီနှင့် ဒေါက်တာတင်ဌေးအိတို့သည် စာရေးဆရာ လယ်တွင်းသားစောချစ်ရေးသားသည့် စာအုပ်မျိုးစုံ အရေအတွက် (၃၀) အုပ်အား ကော်မရှင်ရုံး စာကြည့်တိုက်အတွက် ၃၁-၈-၂၀၂၆ ရက်နေ့တွင် ပေးအပ်လှူဒါန်းခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ




သြဂုတ်လ ၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့် အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်သည့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၁၇၊ ၁၁၈) တို့သို့ ၅-၈-၂၀၂၆ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ ခြေလျင်တပ်ခွဲမှူးသင်တန်းများသို့ စုစုပေါင်း သင်တန်းသား အရာရှိ ၁၇၈ ဦး တက်ရောက်ခဲ့ကြပါသည်။

---

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



သြဂုတ်လ ၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာနုနုရီ၊ ဒေါက်တာ တင်ဌေးအိနှင့် ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်တို့သည် ၅-၈-၂၀၂၆ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများသို့ သွားရောက်၍ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများကို ပို့ချခဲ့ကြပါသည်။ ထိုသို့ သွားရောက်ပို့ချရာတွင် ခြေလျင်တပ်ရင်းမှူး သင်တန်း အမှတ်စဉ် (၁၃၂၊ ၁၃၃) တို့၌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီက လူ့အခွင့်အရေး အခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဌေးအိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း တို့ကို ပို့ချခဲ့ပါသည်။ ထို့ပြင် ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၂၃၂) သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီက လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဌေးအိက မြန်မာနိုင်ငံ

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ ကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများကို ပို့ချခဲ့ကြပါသည်။ အဆိုပါသင်တန်းများသို့ စုစုပေါင်း သင်တန်းသားအရာရှိ ၂၈၉ ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း



သြဂုတ်လ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၈-၂၀၂၆ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်း၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ကလေးငယ်များ၏ စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကိုစိုးရိမ်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးခြင်းများ လျော့ပါးစေရန် စိတ်ခွန်အားပြုပြင်ရေးနှင့်အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးအတွက် စနစ်တကျ ချမှတ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရေး ဆောင်ရွက်မှုအခြေအနေ၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင်ပြုစုပျိုးထောင်ပေးမှုအခြေအနေများနှင့်ပညာသင်ကြားခွင့်၊မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



သြဂုတ်လ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်

ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်သည့် အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၇) နှင့် မှူခင်း (အရာရှိ) သင်တန်းအမှတ်စဉ် (၂၁) တို့သို့ ၇-၈-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေး ဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂၄၅ ဦး၊ သင်တန်းသူ ၆၆ ဦး စုစုပေါင်း သင်တန်းသား ၃၁၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ)၌ သင်ခန်းစာ သွားရောက်ပို့ချ

ဩဂုတ်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ အရ ကော်မရှင်သည် လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများကို ပြည်သူလူထုအတွင်း တက်ကြွစွာ မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်သည့် ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁၁) သို့ ၁၇-၈-၂၀၂၆ ရက်နေ့တွင် ၁၃:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေး စံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၄ ဦး စုစုပေါင်းသင်တန်းသား ၁၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မော်လမြိုင်အချုပ်ထောင်၊ မော်လမြိုင်လူငယ်သင်တန်းကျောင်း၊ သထုံအကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခြင်း



ဩဂုတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်နှင့် ဒေါက်တာဆွေဆွေအောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၇-၈-၂၀၂၆ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်အချုပ်ထောင်၊ မော်လမြိုင်လူငယ်သင်တန်းကျောင်း၊ မော်လမြိုင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကိုလည်းကောင်း၊ ၁၈-၈-၂၀၂၆ ရက်နေ့တွင် သထုံမြို့ရှိ သထုံအကျဉ်းထောင်နှင့် သထုံမြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

မော်လမြိုင်အချုပ်ထောင်နှင့်သထုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/သူ၊ အချုပ်သား/သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေး

ဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစု လာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု၊ အတန်းပညာ၊ အခြေခံ အရေး အဖတ် အတွက်သင်တန်းနှင့် သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှု အခြေအနေများ၊ အကျဉ်းသား/သူများအား အကျဉ်းထောင် ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိအခြေအနေနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကော်မရှင်နှင့် လွတ်လပ်စွာ သီးခြားတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများ၏ တင်ပြချက်များကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။ အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသနှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို ကော်မရှင်မှ ပေးအပ် လှူဒါန်းခဲ့ပါသည်။

ထို့နောက် အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိနှင့် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ ကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

မော်လမြိုင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်သင်တန်းကျောင်း၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ကလေးငယ်များ၏ စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကို စိုးရိမ်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးခြင်းများ လျော့ပါးစေရန် စိတ်ဓာတ်ပြုပြင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးအတွက် စနစ်တကျချမှတ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရေး ဆောင်ရွက်မှုအခြေအနေ၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှု အခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား အချုပ်သား/ အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



# မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၆) သို့ ပါဝင်တက်ရောက်




ဩဂုတ်လ ၂၀ ရက်

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၆) ကို ၂၀-၈-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်၍ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် အမျိုးသား ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် မသန်စွမ်းကိုယ်စားလှယ်များက မသန်စွမ်းသူများ၏အခွင့်အရေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ဆောင်ရွက်ပေးစေလိုသည့် အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြရာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က "ကော်မရှင်မှ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများ"နှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့ပါသည်။

# ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း



ဩဂုတ်လ ၂၁ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၁-၈-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၈၂) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၈၇၀၀/- ကျပ်နှုန်း ၊ ညှော်မထ (၃၇) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၅၇၀၀/- ကျပ်နှုန်းဖြင့် ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေ ရောင်းချပေးခဲ့ပါသည်။

## ကော်မရှင်ရုံးညွန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း



သြဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံ ဆွေးနွေးဖလှယ်ပွဲအမှတ်စဉ် (၈/၂၀၂၆) အခမ်းအနားကို ၂၅-၈-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေး နှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြပါသည်။ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားပါသည်။

ဝ န် ထ မ်း များ တွေ့ ဆုံ ဆ နွှ ဖော် ထု တ် ခြ င်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၈၅) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖိတ်ခေါ်



သြဂုတ်လ ၂၈ ရက်

ရန်ကုန်မြို့ရှိ Lotte Hotel ၌ ၂၈-၈-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် 3rd Life and Safety Seminar သို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာဆွေဆွေအောင်တို့ ပါဝင် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသော ကိုရီးယားလူမျိုး (၅၀) ဦး တက်ရောက်ခဲ့ကြပြီး The Korea Association in Myanmar မှ ဥက္ကဋ္ဌဖြစ်သူ Seo Won Ho က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ကိုရီးယားအသိုက်အဝန်း၏ လုံခြုံရေး၊ ဥပဒေရေးရာ ကာကွယ်စောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက "Residency and Legal Protection for Korean Residents in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေး ပြောကြားခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေကြသော ကိုရီးယားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများကို ဆက်လက်တိုးချဲ့ရန်နှင့် လုပ်ငန်းရှင်အသစ်များကိုလည်း ဖိတ်ခေါ်ပေးကြပါရန် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ကိုရီးယားလုပ်ငန်းရှင်များကို တိုက်တွန်းခဲ့ပါသည်။

ဆွေးနွေးပွဲကို ညနေ ၁၇:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

e-Newsletter, Vol. 5, No. 9, September 2026

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဩဂုတ်လ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အများပြည်သူအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၅) သို့ ၂၈-၈-၂၀၂၆ ရက်နေ့ ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီ အချိန်အထိ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၉၀ ဦး၊ သင်တန်းသူ ၃၉၁ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ (၄၈၁) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။

---

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဩဂုတ်လ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကိုပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၅) သို့ ၃၁-၈-၂၀၂၆ ရက်နေ့၊ ၀၇:၃၀ နာရီအချိန်မှ ၁၁:၂၀ နာရီ အချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၄၂၃ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ (၄၇၂) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



ဩဂုတ်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း တိုင်ကြားချက် (၆၅) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၈) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၂) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားချက် (၄၃) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန် ကျန်ရှိသည့် တိုင်ကြားစာ (၁၂) စောင်ရှိပါသည်။

SUSTAINABLE DEVELOPMENT GOALS

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ




Goal (14) Life Below Water

ပန်းတိုင် (၁၄) ရေအောက်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး။

*****

# ENGLISH SECTION

Vol. 5, No. 9, September 2026

## MNHRC Delivers Lecture on Human Rights at Myanmar Army Combat Force School (Bayintnaung)

August 5

The Myanmar National Human Rights Commission (MNHRC) is steadily working to effectively implement the promotion and protection of human rights as stipulated in Section 22 of the Commission Law. The Commission is implementing its activities aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

Dr. Myint Thu Myaing, Commissioner and Daw Mi Mi Khaing, Deputy Director of the Commission office addressed the lectures on human rights at the Company Commander Training Courses No. (117, 118), held at the Myanmar Army Combat Force School (Bayintnaung) on 5 August 2026 from 07:40 to 10:40 via Video Conferencing System. In this regard, Dr. Myint Thu Myaing, the Commissioner presented the lecture on Concept of Human Rights, the Deputy Director Daw Mi Mi Khaing focused the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 178 participants attended the aforementioned courses.

## MNHRC Delivers Lecture on Human Rights at Myanmar Army Combat Force School (Bahtoo)

August 5

As part of the Commission's promotion of human rights awareness raising under Section 22 of the Myanmar National Human Rights Commission Law, Dr. Nu Nu Yi and Dr. Tin Htay Ei, Commissioners of the Myanmar National Human Rights Commission, and U Kaung Khant Zin, Assistant Director of the Commission Office, covered lectures on human rights at the training courses which commenced at the Myanmar Army Combat Force School (Bahtoo) on 5 August 2026 from 12:00 to 15:00. In this context, Dr. Nu Nu Yi, the Commissioner, focused lectures on the Concept of Human Rights and the Universal Declaration of Human Rights, Dr. Tin Htay Ei, the Commissioner, addressed lectures on Nine Core Conventions, the Organization and Functions of Myanmar National Human Rights Commission at the Battalion Commander Training Courses No. (132, 133). Furthermore, Dr. Nu Nu Yi, the Commissioner, covered the lecture on the Concept of Human Rights, Dr. Tin Htay Ei, the Commissioner, presented the lecture on the Organization and Functions of Myanmar National Human Rights Commission and U Kaung Khant Zin, Assistant Director of the Commission Office, covered subjects such as the lecture on the Universal Declaration of Human Rights at the Company Commander Training Course No. (232). A total of 289 participants attended the courses mentioned above.

## The Myanmar National Human Rights Commission inspects Hnetawsan Boys' Training School

August 7

The inspection team led by U Than Win, a member of the Myanmar National Human Rights Commission, conducted an inspection visit to the Hnetawsan Boys' Training School in Kawhmu township, Yangon Region, which under the supervision of the Department of Social Welfare under the Ministry of Social Welfare, Relief and Resettlement, on 7 August 2026.

During the inspection, the team inspected the systematic arrangements made for providing mental rehabilitation and vocational training to the children who being cared for at the school, aimed at alleviating their psychological trauma, fear of social ostracism, and loss of self-confidence; the healthcare provision; the food supply; the provision of purified drinking water; the dormitory facilities; the efforts made to obtain Citizenship Scrutiny Cards for them. Furthermore, the team examined the rehabilitation efforts aimed at fostering the youths' mental and physical development through behavioral reformation to ensure their successful reintegration into society, and measures taken to ensure that they enjoy fundamental human rights, including the right to education, the right to contact and reintegration with their family's members, and the right to freedom of religion and belief.

The inspection team will send its findings and recommendations to the relevant department in accordance with the Commission's law for necessary action.

---

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

August 7

According to Section 22 of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. U Zaw Lwin Htoo, Director of the Commission office covered the lectures on human rights at the Investigation Officer Training Course No. (87) and Criminal Officer Training Course No. (21) hosted by the Police Officer Tactical Training Institute (Mandalay) on 7 August 2026 from 7:30 to 9:50. In this regard, the Director covered the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Organization and Functions of Myanmar National Human Rights Commission. The lecturer then responded to the trainee questions. A total of 311 officers including 66 female officers attended the aforementioned courses.

---

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo)

August 17

Under Section 22 of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Daw Mi Mi Khaing, Deputy Director of the Commission office addressed the lecture on Human Rights Norms at the Capacity Building Course for Investigator No. (11), which commenced at the Investigation Training School (Taungoo) of Bureau of Special Investigation on 17 August 2026 from

13:00 to 15:50. The lecturer responded to inquiries from the trainees. A total of 16 officers including 4 female officers attended the course mentioned above.

## The Myanmar National Human Rights Commission inspects Mawlamyine Jail, Youth Training Center, Thaton Jail, Police Lock-ups, and Court Lock-ups

August 18

An inspection team led by Members of the Myanmar National Human Rights Commission (MNHRC), U Than Win, U Ohn Khine, Dr. Swe Swe Aung, conducted an inspection visit to the Mawlamyine Jail, Mawlamyine Youth Training Center, Police Lock-ups and Court Lock-ups in Mawlamyine township, Mon State on 17 August, 2026 and visit to Thaton Prison and Thaton Myoma Police Lock-ups on 18 August, 2026 in accordance with Section 43 and 44 of the Commission's Law.

During the inspection Mawlamyine Jail and Thaton prison, the team met with prisoners in the dormitories and inquired the fundamental rights entitled to prisoners are enjoyable or not, including the matters relating to an adequate food supply, access to healthcare services, the availability of sufficient purified drinking water and water for domestic use, the situation of allowing family visits, the receipt of items issued by the prison and those sent by family members, the provisions of physical exercise and sport activities, which include formal education basic literacy education covering for read and write, vocational training. In addition, the team inquired, whether there were instances of human rights violations or torture by prison officials and fellow inmates, the right to practice religion in accordance with their faith. Moreover, the team conducted private and confidential interviews with prisoners who requested to meet separately, and recorded their statements. The Commission donated knowledgeable books for prisoners to read and study, to the prison authorities.

Following the interviews, the inspection team conducted physical tour to inspect various facilities including the dormitories, the medical clinic, the library, kitchen, food warehouse, water purifiers, utility reservoirs, and the sanitation of both internal and external sewage systems.

During the inspection visits to the Mawlamyine Youth Training Center, the MNHRC inspection team examined the institutional measures implemented to provide psychosocial rehabilitation and vocational training for children and young persons under care, aiming to alleviate psychological trauma, social stigma, and loss of self confidence,the access to healthcare services, provision of food, access to clean drinking water, dormitory arrangements, and the accessibility of National Scrutiny Cards, mental. Furthermore, the team observed the rehabilitation efforts aimed at fostering the youths' mental and physical development through behavioral reformation to ensure their successful reintegration into society, as well as access to education and vocational training, the right to contact and reintegration with their family's members, and the right to freedom of religion.

During the inspection of the Police Lock-ups and Court Lock-ups, the inspection team interviewed detainees and examined facility conditions. The team inspected the status of detainees during the remand period, whether any torture or ill-treatment occurred while in custody or during investigation, opportunities to meet with family members, arrangements for food and accommodations the disposal of sewage and overall cleanliness of the facilities, the ventilation system, as well as access to meet with family

members and defense lawyers during the court appearances.

The inspection team will send its findings and recommendations to the relevant department in accordance with the Commission's law for necessary action.

## Myanmar National Human Rights Commission Invites Greater Myanmar–Korea Economic Cooperation and Investment

August 28

U Win Hlaing Oo and Dr. Swe Swe Aung, Members of the Myanmar National Human Rights Commission, attended the 3rd Life and Safety Seminar, held at the Lotte Hotel in Yangon on 28 August 2026.

The seminar was attended by 50 Korean nationals residing in Myanmar, and Mr. Seo Won Ho, Chairman of The Korea Association in Myanmar, delivered the opening remarks. During the seminar, discussions were held on matters concerning the safety, legal protection, financial affairs, and healthcare of the Korean community in Myanmar. During the session, Commission Member U Win Hlaing Oo delivered a presentation entitled "Residency and Legal Protection for Korean Residents in Myanmar." Following the presentation, participants raised questions and engaged in discussions on matters of interest and concern. In addition, Commission Member U Win Hlaing Oo encouraged Korean business people currently investing in Myanmar to continue expanding their businesses and invited new Korean investors to explore investment opportunities in Myanmar.

The seminar concluded at 5:00 p.m.

## MNHRC Delivers Lecture on Human Rights at Civil Service Academy (Upper Myanmar)

August 28

By Section 22 of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, Deputy Director of the Commission office addressed the lecture on child rights at the Refresher Course for Basic Education Teacher Course No. (85), held at the Civil Service Academy (Upper Myanmar) on 28 August 2026 from 08:00 to 11:50. A total of 481 trainees including 391 female trainees attended the aforementioned course. Following the lectures, the lecturer accepted the questions from the trainees.

## MNHRC Delivers Lecture on Human Rights at Civil Service Academy (Lower Myanmar)

August 31

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Dr. Khine Khine Win, the Deputy Director General of the Commission office, covered lecture on child rights at the Refresher Course for Basic Education Teacher Course No. (115), hosted by the Civil Service Academy (Lower Myanmar) on 31 August 2026 from 07:30 AM to 11:20 AM. A total of 472 trainees including 423 female trainees attended the course mentioned above. The lecturer was followed by the question and answer section.

# Status of Handing Complaints

During August 2026, MNHRC received 65 Complaints. The complaint investigation team held 4 complaint screening meetings for examining the complaints and 8 complaints were referred to the departments concerned. In 2 cases, the complainants were advised on more appropriate remedies. The 43 cases were recorded in accordance with the MNHRC Law. 12 complaints remain in August.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm